# ဓမ္မခန္ဓာ (၁၀၀) စစ်ဦးဘီလူး (အလ်–အားဒီယားတိ)

ဥဘဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၁၄)၊ သုတ်ဒေသနာ (၁၁)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

## بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁၁၈၁]

| | |
|---|---|
| ၁။ | **وَالْعَادِيَاتِ ضَبْحًا** ۞<br>သက်လုံကောင်းသော စစ်ဦးဘီလူးများ – |
| ၂။ | **فَالْمُورِيَاتِ قَدْحًا** ۞<br>မီးပွင့်ထွက်စေသော ပြောက်ကျားတပ်များ– |
| ၃။ | **فَالْمُغِيرَاتِ صُبْحًا** ۞<br>နံနက်စဥ် ရှောင်တခင်ပြောင်းလဲပစ်သူများ– |
| ၄။ | **فَأَثَرْنَ بِهِ نَقْعًا** ۞<br>၎င်းအားဖြင့် အမှုံအမွှားများကို ဖွထုတ်ပစ်သူများ– |
| ၅။ | **فَوَسَطْنَ بِهِ جَمْعًا** ۞<br>၎င်းအားဖြင့် တပ်ပေါင်းစုကို အလယ်ဗဟိုမှခွဲပစ်သူများ– |
| ၆။ | **إِنَّ الْإِنسَانَ لِرَبِّهِ لَكَنُودٌ** ۞<br>ကေန်ပင် လူသားသည် ကံကြမ္မာရှင် အတွက် ကျေးဇူးကန်းလှချေ၏။[၁၁၈၂] |
| ၇။ | **وَإِنَّهُ عَلَى ذَلِكَ لَشَهِيدٌ** ۞<br>ကေန်ပင် သူသည် ထိုအပေါ်၌ သက်သေသက်ကန် ဖြစ်၏။ |
| ၈။ | **وَإِنَّهُ لِحُبِّ الْخَيْرِ لَشَدِيدٌ** ۞<br>ကေန်ပင် သူသည် အကောင်းကြိုက်ရာ၌ ပြတ်ပြတ်သားသား ချစ်ခင်စုံမက်၏။ |
| ၉။ | **أَفَلَا يَعْلَمُ إِذَا بُعْثِرَ مَا فِي الْقُبُورِ** ۞ |

**(၁၁၈၁)** ဤသုတ်တော်များ– ၁ မှ ၅ ထိ ဖေါ်ပြသူများကို အိဗ္ဗနိ အဘာ့ဆ် တစ်ဦးတည်းကသာ "ဟဘ့ဂျ်ခေါ် စုပေါင်းကံဆောင်ပရိဝုဒ်ပြုချိန်တွင် ထိုးသုတ် ပြေးဝင်လာသော ကုလားအုပ်များ၏ ပုံဖြင့် ခိုင်းနှိုင်းတင်ပြခြင်း ဖြစ်သည်" ဟု ဆို၍၊ အခြားများစွာသော အထအထာ ဆရာတော်များက "စစ်မြင်းများဖြင့်" ဟု ဖွင့်ဆိုကြပေသည်။ သို့သော် စစ်မြင်း ဆိုသော စကားလုံးမှာ **ခိုင်းလိ** ဟုဖြစ်၍– ထိုစကားလုံးအား ဤသုတ်တော်များတွင် ဖေါ်ပြထားခြင်း မရှိချေ။ ဤသုတ်တော်ပါ စကားလုံးများသည် လူကိုသာညွှန်းဆိုသော စကားလုံးများ ဖြစ်ပေသည်။ ထိုသူများသည် အင်အား တောင့်တင်းသော ရန်သူအား ဖြိုခွဲသော စစ်ဦးဘီးလူများ ဖြစ်သည်ဟု ဆိုထားပေသည်။ သူတို့ တိုက်ခိုက်သော ရန်သူသည် ကံကြမ္မာရှင်၏ ငြိမ်းချမ်းရေး ပညတ်တော်များအား ကျေးဇူးကန်းကြောင်း (၆)၊ ထိုသို့ ကျေးဇူးကန်းခြင်း၌ သက်သေခံလျှက် ရပ်တည်ကြောင်း (၇) သူတို့သည် ဥစ္စာပစ္စည်း (အကောင်းကြိုက် ရာ)များ၌ ခုံမင်နေကြောင်း (၈) ရှင်းလင်း ပြတ်သားစွာ ဆိုထားပေသည်။

| | |
|---|---|
| | သူ အသိ မရှိခဲ့သလော– သင်္ချိုင်းတွင်းမှ ရှိရာတို့ လှန်ခံရသောအခါ၊[၁၀၉၂] |
| ၁၀။ | وَحُصِّلَ مَا فِي الصُّدُورِ ۞<br>ရင်ဘတ်တွင်း ရှိသည်များကို ရုပ်လုံးပေါ်စေလတ္တံ့။ |
| ၁၁။ | إِنَّ رَبَّهُم بِهِمْ يَوْمَئِذٍ لَّخَبِيرٌ ۞<br>ကေန်ပင် ထိုနေ့ကာလ၌ ကံကြမ္မာရှင်သည် သူတို့အား မြင်သိနေတော်မူ၏။ |

---

(၁၀၉၂) ထို အရှင့်အား ကျေးဇူးကန်းသော အာဏာရှင် လူတန်းစား အနေဖြင့် လူထုအား ဘဝများ သတ်ထားသောကြောင့် ပြည်သူတို့မှာ ဘဝများ သေနေခဲ့ရ ရာမှ၊ မျိုးဆက်သစ်များ နိုးကြွရှင်သန် လာသောအခါ– ထိုမျိုးဆက်များအနေဖြင့် သူတို့ ခံစားခဲ့ရသော ခံစားချက်များကို ထုတ်ဖေါ်ပြသပေတော့မည်ဟု ဆိုထားခြင်း ဖြစ်ပေသည်။ မိရိုး ဖလာ မျိုးဆက်ဟောင်းတို့သည် နေရာ ဖယ်ပေးရမည်ပင် ဖြစ်သည်ဟု ပြောထားပေသည်။